# သိုဟန်ဘွားလိုမင်းနှင့် မင်းကြီးရန်နောင်လိုလူ

ဟစ်တိုင် ဆောင်းပါး

ရဟန်းပျို ရဲရင့်ဇာနည်



**လူမိုက် လူရမ်းကား သိုဟန်ဘွား**

မြန်မာသက္ကရာဇ် ၈၈၈ ခုနှစ်တွင် မြန်မာမင်းစစ်ရှုံး၍ ရှမ်းမင်း သိုဟန်ဘွားလက်သို့ အင်းဝနေပြည်တော် ကျရောက်ခဲ့သည်။ ရှမ်းမင်း သိုဟန်ဘွားသည် ဗုဒ္ဓဘာသာဝင်မဟုတ်ချေ၊ သို့ဖြစ်၍ သိုဟန်ဘွားသည် ရဟန်းသံဃာတော်တို့အား ရန်သူသဖွယ် ထင်မှတ်ထားခဲ့သည်။ သူ့ထီးနန်း စည်းစိမ်ကို လုယူမည့်သူများ ဖြစ်သည်ဟုလည်း အမြဲတမ်းနလုံးသွင်းထားခဲ့သည်။ သူသည် မင်းဆိုး မင်းညစ်တစ်ပါး ဖြစ်သည့်အတွက် နိုင်ငံတဝှမ်းရှိ ကျောင်းကန်ဘုရားများမှ ကြေးဆင်းတုတော်၊ ကြေးခေါင်းလောင်း၊ ကြေးစည်မှန်သမျှတို့ကို အတင်းသိမ်းပိုက်ကာ အမြောက်ကျည်ဆံကျိုရာတွင် အသုံးပြုခဲ့သည်။ သိုဟန်ဘွားလက်ထက်တွင် ဗုဒ္ဓသာသနာတော်သည် တိမ်ဖုံးသည့်လပမာ ညှိုးငယ်စွာ ရှိခဲ့တော့သည်။ သာသနာတွင်သာ မဟုတ်သေး။ မြန်မာပြည်သူတို့လည်း ယနေ့စစ်အစိုးရ လက်အောက်တွင် နေရသကဲ့သို့ ကြိမ်မီးအုံးပမာ တအုံနွေးနွေး ရှိနေခဲ့ကြရသည်။

အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း ရဟန်းသံဃာများကို ရန်သူအဖြစ် အမြဲတမ်းမြင်နသော သိုဟန်ဘွားသည် ရဟန်းတော်တို့အား အမြစ်ပြတ် ရှင်းလင်းပစ်ရန် ကြံစည်ခဲ့လေသည်၊ ကြံစည်ပုံမှာ အင်းဝနေပြည်တော် တောင်ဖက်အရပ်ရှိ တောင်ဖလူလယ်ပြင်တွင် တဲပြင်ကန္နား ကြီးမားစွာထိုးပြီးလျှင် 'အင်းဝနေပြည်တော် တဟ္မ်းရှိ ရဟန်းသံဃာတော်အားလုံးတို့အား ဖူးမြော်ကန်တော့ပြီး ဆွမ်းဆက်ကပ် လှူဒါန်းလိုပါသဖြင့် ကြွရောက်ကြပါရန်'ဟု လျှောက်ထားစေပြီး တောင်ဖလူ လယ်ပြင်ရှိ မဏ္ဍပ်၊ ကန္နား ထိုးထားရာသို့ ပင့်ခေါ်စေခဲ့ပါသည်၊

သံဃာတော်များ မကြွလာမီ ကြီးမားသော ဆင်တပ်၊ မြင်းတပ်၊ ခြေလျှင်တပ်တို့ကိုလည်း မဏ္ဍပ်ကို ဝိုင်းရံထားစေသည်၊ သံဃာတော်များ ကြွချီလာကြသောအခါ အချို့သံဃာတော်များက ဆွမ်းကျွေးပင့်တယ်ဆိုပြီး ဘာပြုလို့ စစ်တပ်ကြီးနဲ့ ဝိုင်းထားရတာလဲ ဟု အမေးတော်ရှိခဲ့ကြသည်၊ အဖြေက "စစ်အင်္ဂါလေးပါးဖြင့် ခင်းကျင်းပြီး ဂုဏ်ပြု ကြည်ညိုချင်လို့ပါ ဘုရား"ဟု အမတ်များက လျှောက်ထားကြသဖြင့် သံဃာတော်များမှာ သံသယကင်းစွာဖြင့် ဆက်ကပ်သောဆွမ်းကို ဘုဉ်းပေးတော်မူကြလေသည်။

**သံဃာတော်များကို သတ်ဖြတ်ကြပြီ**

သံဃာတော်များ ဆွမ်းဘုဉ်းပေးနေစဉ် သိုဟန်ဘွားသည် မူလကြိုတင်စီစဉ်ထားခဲ့သည့်အတိုင်း သူ့စစ်တပ်ကို သံဃာတော်များအား ဝိုင်းဂန်းသတ်ဖြတ်ရန် အမိန့်ပေးလိုက်လေသည်၊ အချက်ပေးအမိန့်သံရသည်နှင့်တပြိုင်နက် ဆင်တပ် မြင်းတပ် ခြေလျှင်တပ်တို့ဖြင့် သံဃာတော်များအား အတင်းဂင်ရောက် ထိုးခုတ်သတ်ဖြတ်ကြလေတော့သည်၊ ဆွမ်းကျွေးပွဲမှသည် လူသတ်ပွဲ မြေပြင်မှသည် သွေးပင်လယ်သို့ တမုဟုတ်ခြင်း ပြောင်းလဲသွားလေတော့သည်၊ ဆရာတော် သံဃာတော်တို့ ညည်းညူအော်ဟစ်သံများ၊ ဒါးခုတ်သံ၊ လှံဖြင့်ထိုးသံ၊ သိုဟန်ဘွားနှင့် စစ်သားများ၏ အော်ဟစ်ကြိမ်းမောင်း ညာသံပေးသံတို့က ကွင်းပြင်တခုလုံးကို ဖုံးလွှမ်းသွားလေတော့သည်၊ စုစုပေါင်း ပင့်သံဃာ (၇၀၀) ကျော်အနက် အနည်းငယ်မျှသာ လွတ်မြောက်ခဲ့ကြလေတော့၏။

**စာတတ်အကျော် ဆရာတော်များ ပါသွားခဲ့ရ**

အသတ်ခံလိုက်ရသော ဆရာတော် သံဃာတော်များထဲတွင် နာမည်ကျော် "မဃကိသာရ မဥ္ဇူသာ" ခေါ်သည့် ဋီကာကျော်အဖွင့် ကျမ်းကြီးကို ပြုစုရေးသားတော်မူခဲ့သော 'အရှင် အရိယဂံသ'နှင့် အခြားသော မြန်မာ့ခေတ်ဆန်းစာပေကို မိတ်ဆက်ပေးခဲ့ကြသော စာတတ်အကျော် ရဟန်းဆရာတော်များ ပါဂင်သွားခဲ့ကြပါသည်၊ အော်…ရဟန်းကို အဟိတ်တိရိစ္ဆာန်တွေက သတ်လိုက်ကြလေပြီတကား၊ သံဃာတော်များ အသတ်အဖြတ်ခံရသော သတင်းကြားကြရသော အင်းဂနေပြည်တော်တခုလုံးမှ ပြည်သူများသည် မျက်ရည်စိုရွှဲ ငိုပွဲဆင်ကြရုံမှအပ ဘာမှမတတ်နိုင်ခဲ့ပေ၊ သိုဟန်ဘွား၏ အုပ်ချုပ်မှုအောက်တွင် ရှမ်းနှင့်မြန်မာအမှုထမ်းများမှာ တဖက်သတ် အဖိအနှိပ်ခံနေခဲ့ကြရပြီး ယခုခေတ် န.အ.ဖက ကြံ့ဖွတ်နှင့် စွမ်းအားရှင်တို့ကို အသုံးချကာ စစ်တပ်အား မထောက်ခံသော သူများအား နှိပ်စက်ညှင်းပမ်းနေပုံနှင့် အတူတူပင် ဖြစ်ခဲ့လေလျော့သလား၊ ထိုဘာသာရေး ခေါင်းပါးရာ အရပ်မှာ မြန်မာအများစုတို့မှာ အင်းဂနေပြည်တော်မှထွက်ခွာကြကာ အောက်မြန်မာပြည် မြန်မာမင်းရှိရာသို့ ဂင်ရောက် ခိုလှုံခဲ့ကြရလေသည်။

ထိုကဲ့သို့ ပြည်သူ့ပြည်သားတို့အဖို့ ခိုကိုးရာမဲ့ကာ ဘဂတခုလုံး ကြိမ်မီးအုံးသကဲ့သို့ ဖြစ်နေရသည်ကို မကြည့်ရက် မရှုရက်နိုင်သူကား သိုဟန်ဘွား၏ လက်အောက်တွင် အမှုတော် ထမ်းနေသည့် ရိုးသားဖြောင့်မတ် တည်ကြည်ပြီး စိတ်နှလုံးသား ကောင်းမွန်မြင့်မြတ်သော မင်းကြီးရန်နောင် ဆိုသူပင် ဖြစ်ပါ၏၊ မင်းကြီးရန်နောင်သည် မြန်မာတို့ဘက်မှ အကြီးအကဲတစ်ဦး ဖြစ်သည့်အတွက် မြန်မာမှူးမတ်များ၏ မကျေနပ်ချက်တို့ကိုလည်း သိထားသူဖြစ်ပါ၍ ထိုအခါအခွင့်ကိုသာ ငံ့လင့်နေသူပင် ဖြစ်တန်ရာတည်း။

**တောင်ဖလူလယ်ပြင်နှင့် ယိမ်းနွဲ့ပါး 'ဓား'**

အင်းဂနန်းတော် မကျဆုံးမီက မြန်မာဘုရင်အဆက်ဆက်တို့ အသုံးပြုခဲ့သော 'ယိမ်းနွဲ့ပါး' အမည်ရှိ ဒါးတစ်ချောင်းရှိခဲ့သည်၊ ထိုဒါးကို မင်းကြီးရန်နောင်က သိမ်းဆည်းထားသည်၊ နန်းစဉ်သုံးဒါး ဖြစ်သဖြင့် အထူးဂိသေသ ဂုဏ်ပုဒ်များနှင့်ပြည့်စုံသော ဒါးလည်းဖြစ်သည်၊ ဘယ်လိုပြည့်စုံသလဲဆိုလျှင် မြင်းစီးနေသောသူကို ထိုဒါးဖြင့် စလွယ်သိုင်း ခုတ်ပိုင်းလိုက်က မြင်းပေါ်က လူရော၊ မြင်းပါ ပြတ်ကျသည့်ဒါးဖြစ်သည် ဆိုသည့် ကောင်းခြင်းအင်္ဂါ ပြည့်စုံသောဒါး ဖြစ်သည်၊ တနေ့တွင် သိုဟန်ဘွား မင်းသည် ယာယီ ဓာတ်ကိန်းခန်းကျသည်ဟုဆိုပြီး တောင်ဖလူလယ်ပြင်တွင် ယာယီတဲနန်းဆောက် စံနေသည်။

ထိုအချိန်တွင် ရှမ်းရောမြန်မာမှူးမတ်များပါ လိုက်ပါခစားကြမည်ဖြစ်ရာ မင်းကြီးရန်နောင်၏ လျှောက်ထားတင်ပြချက်အရ မည်သူမျှလက်နက် ကိုင်ဆောင်ခွင့် ပြုထားခြင်း မရှိချေ၊ လက်ချည်းသာ ဂင်ရောက် ခစားကြရခြင်းဖြစ်သည်၊ ထိုသို့ခစားကြရာတွင် မြန်မာမှူးမတ်တို့၏ အကြီးအကဲ မင်းကြီး ရန်နောင်က တောင်ဖလူလယ်ပြင် ယာယီတဲနန်း သဲပြင်များအောက်တွင် နေရာများကို မှတ်သား ထားပြီး ငှက်ကြီးတောင် ဒါးရှည်များ၊ လှံများ မြှုပ်ထားကြရန် လျှို့ဂှက် ညွှန်ကြားထားပြီး နောက်တနေ့ ညီလာခံဂင်ချိန်တွင် အချက်ပေးလိုက်သည်နှင့် တပြိုင်နက် အနီးဆုံးရန်သူကို အမြစ်ပြတ် သုတ်သင်ဖို့ အမိန့်ပေးထားလိုက်ပြီ ဖြစ်လေသည်။

## သိုဟန်ဘွားကို သုတ်သင်ပြီ

နောက်တနေ့ ညီလာခံဂင်ချိန်တွင် ရှမ်းနှင့်မြန်မာမှူးမတ်များ ကိုယ့်နေရာကိုယ် အသီးသီး နေရာယူ ထိုင်လိုက်ကြပြီးနောက် မင်းကြီးရန်နောင်၏ အချက်ပေးသံကို ရင်ခုန်သံ တဒိန်းဒိန်းဖြင့် စောင့်စားနေခဲ့ကြသည်၊ ထိုအချိန်သည် အိပ်မပျော်သောသူတို့ ညတာလို ရှည်လွန်းလှပေစွ၊ မိမိတို့အကြံအစည် တချက်လွဲမှားသွားပါလျှင် သိုဟန်ဘွားလို မင်းဆိုးမင်းညစ်၏လက်တွင် အားလုံး မရှုမလှ အသက်ပျောက်ကြရမှာ မဟုတ်ပါလား။

ညီလာခံ စပြီးနောက် မင်းကြီးရန်နောင်က သိုဟန်ဘွား စံနေသည့် ယာယီပလ္လင်နားသို့ သွားမတ်တပ်ရပ်ကာ ပလ္လင်ရှေ့တွင်ရှိသော ရှေးနန်းစဉ်သုံး ဓားများ၏ရာဇဂင်ကို ပြောပြလျက်ရှိပြီး အာရုံဂင်စားအောင် ဖန်တီးကာ သိုဟန်ဘွားမင်း စိတ်ဂင်စားမှန်း သိလာသောအခါ၊ ထိုနန်းစဉ်သုံး ဓားများထဲမှ "ယိမ်းနွဲ့ပါးဓား"ကို ကောက်ကိုင်ကာ "ကိုယ်တော်ဘုရား ဒီဓားဟာ ရှေးမြန်မာဘုရင်များ အစဉ်အဆက် အသုံးပြုခဲ့တဲ့ဒါး ဖြစ်ပါတယ်၊ သူ့အမည်က ယိမ်းနွဲ့ပါး လို့ခေါ်ပါတယ်၊ ဒီဓားဟာ ဘယ်လောက်များ ထက်သလဲဆိုရင် မြင်းပေါ်ကလူကို ခုတ်ချရင် လူကော မြင်းကော ပြတ်ကျအောင် ပိုင်းဖြတ်နိုင်တဲ့ ထက်မြက်တဲ့ဓား ဖြစ်ပါတယ်ဘုရား" ဟု ပြောပြောဆိုဆို ဓားကို လက်နှစ်ဘက်နှင့် မိမိရရကိုင်ကာ ညာသန်ဖြစ်သည့် မင်းကြီးရန်နောင်က သိုဟန်ဘွား၏ ဘယ်ဘက်လည်တိုင်မှ ပိုင်းဖြတ် ချလိုက်ရာ လူကော သလွန်ပါ တိကနဲ ပြတ်ကျသွားလေတော့သည်။

မင်းကြီးရန်နောင်က စခုတ်လိုက်သည်နှင့်တပြိုင်နက် ကျန်သော မှူးမတ်များကလည်း ယမန်နေ့ကတည်းက မိမိတို့ထိုင်နေရာအောက်တွင် အသီးသီးဂှက် မြှုပ်ထားခဲ့ကြသော ဓားများကို ထုတ်ကာ အနီးဆုံးရန်သူ သိုဟန်ဘွားဘက်တော်သားများအား အမြစ်ပြတ် ချေမှုန်းလိုက်ကြရာ မင်းဆိုးမင်းညစ် သာသနာတော်ကို စော်ကားသူ၊ ရဟန်းသံဃာ ရာပေါင်းများစွာကို သတ်ဖြတ်သူ သိုဟန်ဘွား၏ ရက်စက်ကြမ်းကြုတ်သော အုပ်ချုပ်ရေးသည် နိဂုံးချုပ်ခဲ့ရလေသည်။

**ပြည်မြို့စား မင်းကြီးရန်နောင်**

မင်းကြီးရန်နောင်သည် မင်းဆိုးမင်းညစ်တစ်ပါးက ပြည်သူပြည်သားများအား မတရားနိပ်စက်နေသည်ကို ဒါဏ်မခံနိုင်သဖြင့်သာ မြန်မာမှုးမတ်များ၏ တောင်းဆိုချက်အရ ထ၍ တော်လှန်ရခြင်း ဖြစ်သော်လည်း အာဏာကို လုံးဝမက်မောသူမဟုတ်ပါချေ၊ ထို့ကြောင့် မှုးမတ်တို့လက်သို့ အာဏာကို အပ်ကာ သင့်တော်သောသူအား ထီးနန်းလွှဲအပ်ဖို့ မှာကြားပြီး တောထွက်၍ အသက်ထက်ဆုံး ရဟန်းပြုသွားလေတော့သည်၊ သြော်...........ရာမှုရှားတဲ့ မြင့်မြတ်သော မင်းကြီးရန်နောင် ပါတကား။

**သိုဟန်ဘွား အသစ်များ မွေးဖွားမည် မထင်ခဲ့**

မိမိတို့ ငယ်စဉ်တောင်ကျေး ဘဝတည်းက သင်ယူခဲ့ရသော သိုဟန်ဘွား၏ အကြောင်းသည် နောင်မြန်မာ့သမိုင်းတွင် ဘယ်သောအခါမှ ပေါ်ပေါက်တော့မည်မဟုတ်ဟု အစွဲအမြဲ ယုံကြည် မှတ်ယူခဲ့မှာ ယခုအခါ မှားလေစွ။

အဘယ့်ကြောင့်ဆိုသော် မြန်မာပြည်သည် လွတ်လပ်သော တိုင်းပြည်ဖြစ်လာပြီး ကိုယ့်အမျိုးသားများ ကိုယ်တိုင်အုပ်ချုပ်နေသောကြောင့်ပင် စိုးစဉ်းမျှပင် မထင်ထား မမှတ်ယူခဲ့သည့် အတွေးအမြင် တက်တက်စဉ်အောင်ပင် လွဲခဲ့ရသည်။ မြန်မာပြည်သည် အင်္ဂလိပ် လက်အောက်မှ လွတ်လပ်ခဲ့သည်မှာ မှန်သော်လည်း ၁၉၆၂ နှစ် မတ်လ (၂) ရက်နေ့မှစ၍ စစ်တပ်၏ ကျေးကျွန်ဘဝသို့ လုံးလုံးလျားလျား ရောက်ရှိသွားခဲ့ရပြီး ပြည်သူလူထုတစ်ရပ်လုံး ဆင်းရဲမွဲတေကာ ပါးစပ်ပိတ်၊ မျက်စိပိတ်၊ နားပိတ်ခံထားခဲ့ရသည်မှာလည်း ယနေ့ထိအောင်ပင် ဖြစ်ပါတော့သည်၊ မြန်မာနိုင်ငံတွင် စစ်တပ်လူတန်းစားပေါ်ပေါက်လာပြီး ပြည်သူလူထုမှာ စစ်တပ်၏ အဖိနှိပ်ခံ၊ အနင်းခံ နင်းပြားဘဝသို့ ရောက်ရှိသွားရသည်။

ယခုလောလောဆယ်ဖြစ်ပေါ်နေသော သံဃာတော်များ၏ ပရိတ်ရွတ် မေတ္တာပို့ လမ်းလျှောက် နေခြင်းများအပေါ် မောင်းပြန်စက်သေနတ်များဖြင့် ရက်ရက်စက်စက် ပစ်ခတ် သတ်ဖြတ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ညအချိန်မတော် လုံးဝ ကြိုတင်အသိပေးခြင်း မရှိဘဲ ရှေ့တန်း ရန်သူ့စစ်စခန်းကို ဝင်စီးနင်းသည့်နယ် လေးဘက်လေးတန်မှ ဝိုင်း၍ညာသံပေးကာ ဝင်လာကြပြီး တွေ့သမျှ ဆရာတော် သံဃာတော်တို့အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်း၊ တိုင်းပြည်တွင် တစ်ခါမှမကြားဘူးသော နအဖ၏ လက်ကိုင်ဒုတ် ကြံ့ဖွတ်နှင့် စွမ်းအားရှင်တို့က ရဲတင်းများနှင့် သံဃာတော်များအား ဝင်ရောက်၍ ထိုးခုတ်သတ်ဖြတ်ခြင်းများကို တောင်ဥက္ကလာပ ငွေကြာယံ ပရိယတ္တိစာသင်တိုက်ကို ဝင်စီးခဲ့ရာတွင် ထင်ထင်ရှားရှား ပြုလုပ်သွားခဲ့ကြသည်။

အင်တာနက်ပေါ်တွင်တွေ့ရသော သတင်းမှတ်တမ်းဓါတ်ပုံများအရ မိမိတို့ သိရခြင်း ဖြစ်သည်၊ ဆန္ဒပြနေသူများကိုလည်း သွေးအေးအေးဖြင့် နောက်ကျောဘက်မှနေ၍ အနီးကပ်ကာ ပစ်သတ် သွားပုံများမှာလည်း ကြောက်ခမန်းလိလိပင် ဖြစ်တော့သည်၊ မိမိတို့ကိုးကွယ်နေသော မြတ်စွာဘုရား တရားတော်များကို မပျောက်မပျက်ရအောင် ထိမ်းသိမ်းနေကြသော သံဃာတော်များအား ထိုကဲ့သို့ မယုံကြည်နိုင်လောက်စရာကောင်းအောင် ရက်ရက်စက်စက် သတ်ဖြတ်သွားကြပုံကို မြင်ရကြားရသော အခါ ခေတ်ဟောင်းက သိုဟန်ဘွားထက် ဆိုးသော ခေတ်သစ် သိုဟန်ဘွား ယခုတော့ ငွားငွား ငွင့်ငွင့်ကြီးကို ဘီလူးသရဲသဘက်ကြီးပမာ ပေါ်ပေါက်နေပါရော့လားဟု အောက်မေ့မိပါတော့သည်။

**ဗုဒ္ဓဘာသာနိုင်ငံတဲ့လား**

ယခုလိုသံဃာတော်များအား ရက်ရက်စက်စက် လက်ရဲဇက်ရဲ သတ်ဖြစ်ရဲသော ဗိုလ်သန်းရွှေ အမှူးပြုသော စစ်ဗိုလ်များက မြန်မာပြည်ကို ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားတဲ့နိုင်ငံဟု ကြွေးကြော် ကြပြီး နိုင်ငံတကာကို ဂုဏ်ယူဝင့်ကြွားစွာ ကြေညာခဲ့ကြသည်၊ သာသနာပြု တက္ကသိုလ်ကြီးများလည်း ထူထောင်ခဲ့ကြသေးသည်၊ ပြီးတော့ သာသနာပြု သံဃာတော်များကိုလည်း လွှတ်နေသည်၊ ထိုကဲ့သို့ လူနှင့်မတူ ဘီလူးနှင့်တူသောသူများကလွှတ်သော သာသနာသည်လည်း ဘယ်နိုင်ငံကမျှ အထင်ကြီး လိမ့်မည်၊ လက်ခံကြလိမ့်မည် မဟုတ်ချေ၊ အထူးသဖြင့် ယခုဆယ်စုနှစ် အတွင်းတွင်မှ အနောက်နိုင်ငံ များတွင် ခေတ်စားစပြုလာပြီး ဗုဒ္ဓဘာသာကို ထဲထဲဝင်ဝင်လေ့လာကာ မြန်မာလူမျိုးနှင့် နိုင်ငံကိုလည်း အထင်ကြီး လေးစားလာကြသော အနောက်တိုင်းသားများသည် မယုံကြည်နိုင်လောက်အောင်ပင် အံ့သြသွားကြလေတော့သည်။

**ကမ္ဘာက မေးခွန်းများ ထုတ်လာကြပြီ**

အရှင်ဘုရားတို့ရဲ့မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာထွန်းကားတဲ့နိုင်ငံ၊ ပြီးတော့ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်တဲ့ ရဟန်းပုဂ္ဂိုလ်တွေ ထွန်းကားတဲ့နိုင်ငံ၊ ထေရဝါဒ ဗုဒ္ဓဘာသာမူရင်းကို ယခုထက်ထိ ထိမ်းသိမ်းစောင့်ရှောက်ထားတဲ့နိုင်ငံ ဖြစ်ပါလျက်နဲ့ စစ်တပ်က ဘာဖြစ်လို့ သံဃာတော်တွေကို ယခုလို ရက်ရက်စက်စက် ပစ်ခတ် သတ်ဖြတ်ရတာပါလဲ ဟု မေးမြန်းလာကြသည်။

လူလိမ်ဆိုသည်မှာ မိမိဇာတိရုပ်ကို ဘယ်သောအခါမျှ တာရှည်လိမ်၍မရချေ၊ ကြာတော့ အလိမ်ပေါ်လာသည်သာ ဖြစ်စမြဲမို့ ဗိုလ်သန်းရွှေတို့၏ မင်းသားခေါင်း ဆောင်းထားသော မျက်နှာ များသည် အထင်းသား အရှင်းသား ဘွားကနဲ ပေါ်လာခဲ့ပြီ ဖြစ်ပေသည်၊ ဘာကြောင့် ဒီလို မိမိတို့ ကိုးကွယ် ဆည်းကပ်နေတဲ့ သံဃာတော်များ မေတ္တာသုတ်နှင့် မောရသုတ်များ ရွတ်ကာ မြန်မာပြည် ငြိမ်းချမ်းသာယာရေးနှင့် ပြည်သူတို့ အခွင့်အရေးများ ရရှိရန်အတွက် တောင်းဆိုလာသည်ကို စားပွဲဝိုင်းတွင်ထိုင်၍ ဆွေးနွေးရမည့်အစား မောင်းပြန်စက်သေနတ်များဖြင့် တုန့်ပြန်ခဲ့ရပါသလဲလို့ ယဉ်ကျေးသည့် ကမ္ဘာသူ၊ ကမ္ဘာသားများက မိမိတို့ အားမေးမြန်းလာကြပြီ။

**အာဏာရူးတွေမို့**

ယနေ့တိုင်းပြည်ကို အုပ်ချုပ်နေသော ဗိုလ်သန်းရွှေခေါင်းဆောင်သည့် သူခိုး ဒါးပြ အုပ်စုသည် မိမိတို့ တသက်တာတွင် ဘယ်တုန်းကမျှ မခံစားခဲ့ရသော စည်းစိမ်ချမ်းသာများကို ခံစားနေရသဖြင့် ရရှိထားသော အာဏာကို မလွှတ်တမ်း ဆုပ်ကိုင်ထားခြင်းဖြစ်ပြီး တိုင်းပြည်အတွက် နမ်းတစေ့မျှ လုပ်ပေးလိုသော ဆန္ဒလုံးဝမရှိသည်မှာ အထင်အရှား ဖြစ်တော့သည်၊ အများပြည်သူတို့က ငတ်ပြတ်မွဲတေနေပြီး နိုင်ငံတကာသို့သွား၍ ကျွန်ခံနေရချိန်၊ အမျိုးသမီးများ အများစုက ပြည့်တန်ဆာ အဖြစ် အိမ်နီးချင်းနိုင်ငံများတွင် ရောင်းစားခံနေရချိန်မှာ ဗိုလ်သန်းရွှေအမှူးပြုသော စစ်ဗိုလ်အုပ်စုက စိတ်ကူးယဉ် နေပြည်တော် ဆိုသည်ကို တောကြီးမျက်မဲထဲတွင် သွား၍တည်ဆောက်ခြင်း၊ မိမိတို့ ကိုယ်ပိုင် ဇိမ်ခံအိမ်ကြီးများကို ဆောက်လုပ်နေထိုင်ခြင်း၊ ကိုယ်ပိုင်ဂေါက်ကွင်းကြီးများကို တည်ဆောက် ထားကြခြင်းတို့ဖြင့် ကမ္ဘာပေါ်မှာ မည်သည့်အစိုးရကမှ မလုပ်ခဲ့ကြသော၊ မလုပ်ရဲခဲ့ကြသော ကိုယ်ပိုင်မြို့ တည်နေထိုင်သော အလုပ်မျိုးများကို လုပ်နေကြပြီး ပြည်သူလူထုကိုတော့ ဆင်းရဲတွင်း နက်သထက် နက်စေကာ စစ်တပ်၏ကျေးကျွန်အဖြစ် သွတ်သွင်း၍ ဘယ်သူသေသေ ငတေမာရင်ပြီးရော

ဇာတ်ခင်းနေကြသည်မှာ အာဏာကိုမက်မောပြီး အာဏာရူးတွေ ဖြစ်နေလို့ပင် မဟုတ်ပါလားဟု ဖြေကြားနေရပါတော့သည်။

ပြည်သူများအား အငတ်ထားကာ သူတို့ကိုယ်တိုင်က မြန်မာရှင်ဘုရင်များပင် မခံစားခဲ့ ဘူးသော အခိုက်တန့် စည်းစိမ်ချမ်းသာများကို ခံစားနေကြသဖြင့် အာဏာ လက်လွှတ်ဖို့ ဆိုတာကို အိပ်မက်မျှတောင် မက်ကြမည် မဟုတ်ချေ။ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုသော အတွေးအခေါ်ဖြင့် စစ်တပ်လူတန်းစားတစ်ရပ် ပေါ်ထွန်းလာလျက် ရှိနေရာ မြန်မာပြည်သူပြည်သားတို့ အဖို့ နီးရာဓားဆွဲ၍ ထတော်လှန်ဖို့မှအပ အခြား ရွေးစရာလမ်းမရှိတော့ပေ။

ယခုဖြစ်ပွားပြီး ဖြစ်ပွားဆဲဖြစ်သော သံဃာများကို ရက်ရက်စက်စက် သတ်ဖြတ်နှိမ်နင်းခြင်းမျိုး သည် သမိုင်းတွင်မကြုံဘူးသောဖြစ်ရပ် ဖြစ်ရာ၊ မြန်မာပြည်သူများအနေနှင့်သော်ငှင်း၊ ကမ္ဘာ့ပြည်သူ များအနေဖြင့်သော်ငှင်း ဘယ်သောအခါမှ မေ့ပျောက်၍ ရနိုင်မည်မဟုတ်ပဲ "ကမ္ဘာကြေသော်လည်း ဥဒါန်းကား ဘယ်သောအခါမှ ကြေလိမ့်မည် မဟုတ်ပါပေ"။

ယနေ့တိုင်းပြည်ကိုအုပ်ချုပ်နေသည့် ဗိုလ်သန်းရွှေသည် သိုဟန်ဘွားနှင့် ရက်စက်ပုံရက်စက်ချင်း သတ်ဖြတ်ပုံ သတ်ဖြစ်ချင်း တထေရာတည်း ဖြစ်ပါတော့သည်၊ သံဃာကို စော်ကားရဲသည် ဆိုသည်မှာ တော်တော်တန်တန် မိစ္ဆာဒိဋ္ဌိ အယူရှိယုံနှင့် မပြုလုပ်ရဲချေ၊ ဗိုလ်သန်းရွှေ အနေနှင့် အလွန်တရာ နက်ရှိုင်းသော မိစ္ဆာဒိဋ္ဌိ အယူရှိနေ၍သာ သံဃာတော်များကို ရက်ရက်စက်စက် သတ်ဖြတ်ရဲခြင်း ဖြစ်သည်၊ အကုသိုလ်ဆိုတာ အကျိုးမပေးသေးခင်တော့ လူမိုက်များအဖို့ ပျားရည်လို ချိုမြနေပေလိမ့် မည်၊ အကျိုးပေးချိန်တန်ပြီ ဆိုရင်တော့ ပျားရည်ဘဂမှ သံပုရည်ဘဂသို့ ရုတ်ချည်း ပြောင်းသွားမည် ဖြစ်ပေသည်၊

အာဏာတည်း ဟူသော အကြောင်းတစ်ခုတည်းကြောင့် လူပေါင်းများစွာကို ထောင်သွင်း အကျဉ်းချထားခြင်း၊ ပြည်သူတို့ရဲ့ နား၊ မျက်စိ၊ ပါးစပ်များကိုပိတ်ထားကာ မိမိတို့ စိတ်ကြိုက်ထင်သလို မြန်မာပြည်သူလူထုအပေါ် နိုပ်စက်ကလူပြုနေခြင်းမှာလည်း ရာစုနှစ် တစ်ဂက်မျှ ရှိလာပြီဖြစ်၏။

**ပြည်သူ့အားနဲ့ သပိတ်မှောက်ကြ**

မြန်မာပြည်သူတို့အနေဖြင့် လုပ်ကိုင်နိုင်သော အခွင့်အရေး တခုရှိနေပါသည်၊ ထိုအခွင့်အရေးမှာ စစ်အစိုးရနှင့် ၄င်းတို့၏လက်ဂေခံ ကြံ့ဖွံ့၊ စွမ်းအားရှင်များ ပိုင်ဆိုင်သော ကုန်ပစ္စည်းများ၊ လေယာဉ်ပျံ၊ ကား၊ ရထားစသည်များကို မဂယ်ယူ မသုံးစွဲခြင်းဖြင့် သပိတ်မှောက်နိုင်ပါသည်၊ မနှစ်မြို့ကြောင်းကို ပြနိုင်ပါသည်။

မြန်မာပြည်သူလူထုအနေဖြင့် ယနေ့ ပြတ်ပြတ်သားသား ရွေးချယ်ရမည့် လမ်းနစ်သွယ်သို့ ရောက်ရှိ နေပေသည်၊ အဲဒါကတော့ "စစ်အစိုးရရဲ့ အဖိနှိပ်ခံ အဆင်းရဲခံ ကျွန်ဘဂနှင့် နေကြမလား၊ ကျွန်ဘဂက လွတ်မြောက်ရေးအတွက် အသေခံ တိုက်ပွဲဂင်ကြမလား" ဆိုတဲ့ လမ်းနစ်သွယ်ကို ရွေးကြ ရတော့မှာ ဖြစ်ပါသည်၊ တစ်ဘဂမှာ တစ်ခါပဲသေကြရတာမို့ သေမှာကို မကြောက်ကြပဲ ဆက်လက် တိုက် ပွဲဂင်သွားကြဖို့ နှိုးဆော်ရသည်။

**ဒုတိယမွှဲ ရဟန်းသံဃာများ သွေးမြေကျခြင်း**

မြန်မာသက္ကရာဇ် ၁၃၀၀ (၁၉၃၈) ပြည့်နှစ်တွင် အင်္ဂလိပ်နယ်ချဲ့ လက်အောက်မှ လွတ်မြောက်ရေးအတွက် ရဟန်းပျိုများ ခေါင်းဆောင်ကာ တော်လှန်ရေးကြီးတခု ဆင်နွှဲခဲ့ကြပါသည်၊ နောင်တွင် ထိုသံဃာတော်များသည် မန္တလေးတွင် စုရုံးကြပြီး မန္တလေးမြို့ တောင်ပြင် ထီးလင်းတိုက် မဟာအုဌ်ကျောင်း လေးပြင်လေးရပ်လုံးဆိုင်ရာ သံဃာတော်များ ဦးစီး၍ "( All Burma Yahanpyo League ) မြန်မာနိုင်ငံလုံး ဆိုင်ရာ ရဟန်းပျိုအဖွဲ့ချုပ်ကြီး"ကို အမျိုး၊ ဘာသာ၊ သာသနာ ဟူသော ကြွေးကြော်သံဖြင့် တိုင်းပြည်အကျိုး ပြည်သူလူထု အကျိုးအတွက် ဖွဲ့စည်းခဲ့ကြလေသည်၊ ထိုစဉ်က ခေါင်းဆောင်ခဲ့ကြသော သံဃာတော်များမှာ အသက်အရွယ်အားဖြင့် (၂၀)ကျော်သာသာ (၃၀)တွင်း မှာသာ ဖြစ်ခဲ့ကြလေသည်။

၁၉၃၈ (၁၃၀၀) ပြည့်အရေးတော်ပုံကြီး ပေါ်ပေါက်လာသောအခါ မန္တလေးမြို့ မြန်မာ နိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုအဖွဲ့ချုပ်မှ ကြီးမှူးကာ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် အင်္ဂလိပ် လက်ချက်ဖြင့် ကျဆုံးခဲ့ရခြင်းအတွက် မန္တလေးမြို့တွင် အကြီးအကျယ် ဆန္ဒပြခဲ့ကြရာ ရဟန်းပျို အဖွဲ့ချုပ်မှ သံဃာတော် (၇) ပါးနှင့် ကျောင်းသား၊ မိဘပြည်သူ (၁၀) ဦး စုစုပေါင်း အာဇာနည် (၁၇) ဦးတို့ကျဆုံးခဲ့ရပေသည်၊ သွေးမြေကျသောနေရာမှာ မန္တလေးမြို့ အနောက်တောင်ကျုံးဒေါင့် လမ်း(၈၀) နှင့် (၂၆) ဘီလမ်းတို့ဆုံရာ ထောင့်နေရာတွင် ဖြစ်သည်၊ ဆန္ဒပြသူများမှာ သံဃာတော်များက ဦးဆောင်၍ ဈေးချိုတော် အနောက်ဘက်ရှိ မဟာဂေဃံ ဘုံသာတိုက်ကျောင်းမှ ချီတက်လာကြခြင်း ဖြစ်သည်၊ ထိုသို့သံဃာတော်များ သွေးမြေကျခဲ့ရခြင်းသည် မြန်မာနိုင်ငံသမိုင်းတွင် ဒုတိယအကြိမ် ဖြစ်သည်။

ထိုစဉ်က တိုင်းတစ်ပါးသားတို့ အုပ်ချုပ်နေချိန် ဖြစ်သဖြင့် ကိုယ့်လူမျိုး မဟုတ်သည့်အတိုင်း ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကို ဘယ်လိုမှပြောဆိုဘွယ်ရာ မရှိသော်လည်း ယခုဖြစ်ပေါ်နေ သော၂၀၀၇ ခုနှစ် စက်တင်ဘာ အရေးအခင်းမှာ ကိုယ့်လူမျိုး စင်စစ်များက တိုင်းတပါးသား နယ်ချဲ့များ ထက် ရက်စက်စွာ သတ်ဖြတ်ရဲကြသည်မှာ မယုံကြည်နိုင်လောက်စရာပင် ဖြစ်ပါတော့သည်။

**စစ်ဘီလူးများကြောင့် တတိယမွှ သွေးမြေခရခြင်း**

စက်တင်ဘာလ (၂၆) ရက်နေ့က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်တွင် ဖြစ်ပွားခဲ့သော သံဃာတော်များနှင့် ပြည်သူများ၏ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုများအား နအဖ လက်ကိုင်ဒုတ် စစ်တပ်များမှ မောင်းပြန်သေနတ်များဖြင့် ရက်စက်စွာ ဖြိုခွင်းသတ်ဖြတ်ခဲ့သည့် မြင်ကွင်းကို ကမ္ဘာ့မီဒီယာများတွင် မြင်ရသောအခါ မိမိ၏ မျက်စိနှင့်နားကိုပင် မယုံနိုင်အောင် ဖြစ်ခဲ့ရပြီး ထိုနေ့က အစာပင်စားလို့ မရတော့ချေ၊ တစ်ကိုယ်လုံး အသားများတဆတ်ဆတ် တုန်လာသည်အထိ ဖြစ်ခဲ့ရသည်၊ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သောနိုင်ငံမှာ ဒီလောက်တောင်မှ ရိုင်းစိုင်းရက်စက်လေ ကြသလားဟုလဲ ရင်ထုမနာ ဖြစ်ခဲ့ရသည်။

ယခုကဲ့သို့ ပစ်ခတ်သတ်ဖြတ်ရန် အမိန့်ပေးစေခိုင်းခဲ့ကြသောသူများသည် သူရဲဘော အလွန် ကြောင်သောသူများ ဖြစ်ကြသည်ကို သတင်းများတွင် အထင်းသားမြင်ကြရသည်၊ သူများကို ပစ်ခတ်ရဲ ကြပေမယ့် မိမိတို့ကိုယ်ကိုတော့ ဒိုင်းများဖြင့်ရင်း၊ သစ်ပင်များတွင် အကာအကွယ်ယူရင်း နေနေကြ သည်ကိုတွေ့ရသည်။

စက်တင်ဘာလ (၂၆) ရက်နေ့သည် ခေတ်သစ်မြန်မာနိုင်ငံသမိုင်းတွင် သံဃာတော်များ ကိုယ့်လူမျိုးများ၏ လက်ချက်ဖြင့် သွေးစွန်းခဲ့ရသော တတိယအကြိမ်လည်း ဖြစ်ပေသည်။ ဇာတ်တူသားကို စားခဲ့ကြသော မြန်မာ့အာဏာရူးတပ်မတော်၏ သွေးစွန်းသော နေ့လည်းဖြစ်သည်၊ မိမိတို့ကိုးကွယ်ဆည်းကပ် အလေးအမြတ်ပြုနေသော သံဃာတော်များအား ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ရဲသော မြန်မာ့တပ်မတော်၏ အလွန်အောက်တန်းကျသော လုပ်ရပ်ကိုလည်း စက်ဆုပ်ရွံရှာမိသည်။

စက်တင်ဘာ (၂၆) ရက်နေ့ကို သံဃာတော်များနေ့အဖြစ် ကမ္ဘာတဝှမ်းလုံးက သတ်မှတ်ကြ၊ စက်တင်ဘာလ (၂၆) ရက်နေ့သည် မြန်မာပြည်သူလူထုကြီးခံစားနေရသော အထွေထွေ ဆင်းရဲဒုက္ခများမှ ကင်းလွတ်စေရန် သံဃာတော်များက ဦးဆောင်၍ ငြိမ်းချမ်းစွာ မိမိတို့၏ဆန္ဒများကို ဖေါ်ထုတ်ခဲ့ကြသည်၊ ထိုသို့ဖေါ်ထုတ်ခဲ့သည်ကို အာဏာရူး ဗိုလ်သန်းရွှေတို့ သူခိုးဒါးမြ စစ်အုပ်စုက လက်နက်မပါ ဗလာချည်းသက်သက်ဖြစ်သော သံဃာတော်များအား မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်ခြင်း၊ ဘင်းနက်(လှံစွပ်တပ်ဒါး)ဖြင့် ထိုးသတ်ခြင်း၊ သံပြားကွပ်ထားသော ဒုတ်များဖြင့် ရိုက်သတ်ခြင်း၊ မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာခြင်းတို့ လက်တုံ့ပြန်ခဲ့ကြသည်။ ထို့ကြောင့် စက်တင်ဘာလ (၂၆) ရက်နေ့ကို ပြည်သူများအတွက် အသက်ပေးလှူသွားခဲ့ကြသော သံဃာတော်များကို ဂုဏ်ပြုသတိရသော အထိမ်းအမှတ်အဖြစ် သံဃာတော်များနေ့အဖြစ် သတ်မှတ်ပေးကြပါရန် တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအား တောင်းဆိုလိုက်ချင်သည်။

**ခေတ်သစ် မင်းကြီးရန်နောင် ပေါ်ရန် အချိန်တန်ပြီ**

သိုဟန်ဘွားက အများပြည်သူတို့ ကိုးကွယ်နေကြသော သံဃာတော်များကို မြန်မာသက္ကရာဇ် (၈၈၈) ခုနှစ်တွင် ယခု ဗိုလ်သန်းရွှေတို့အုပ်စုကဲ့သို့ ရက်စက်စွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်လိုက်သော အခါ ဗမာဘက်မှ မင်းခစား အကြီးအကဲ မင်းကြီးရန်နောင်က သိုဟန်ဘွားအား သုတ်သင်ရှင်းလင်း၍ ဗုဒ္ဓသာသနာကို ကယ်တင်ခဲ့သလို ယခုအချိန်အခါမှာလည်း သာသနာတော်ကိုင်း၊ နိုင်ငံနှင့် လူမျိုးကိုင်း သုညအဆင့်သို့ ရောက်သွားအောင် ဖျက်ဆီးနေပြီး ခံစားမှုမျက်နှာမရှိ ရိုင်းစိုင်းယုတ်မာပြီး စည်းစိမ်ယစ်မူးနေကြသော တစ်ကိုယ်ကောင်းသမား ဗိုလ်သန်းရွှေအမှူးပြုသော ဒါးပြသူခိုး စစ်အုပ်စုတို့ အား သုတ်သင်ရှင်းလင်းရန် ခေတ်သစ် မင်းကြီးရန်နောင် ပေါ်ပေါက်ရန် အချိန်တန်ပြီဟု ထင်ပါသည်။

အို...သာသနာကို ကိုးကွယ်မြတ်နိုးသော ပြည်သူကိုချစ်သော တပ်ဗိုလ်တပ်သား အပေါင်းတို့၊ မိမိတို့ ကိုးကွယ်အထွတ်အမြတ်ထားသော ဘာသာ၊ သာသနာကို စော်ကားရဲသော ခေတ်သစ် သိုဟန်ဘွား စစ်အုပ်စုအား မိမိတို့တတ်နိုင်သောနည်းဖြင့် တွန်းလှန်ကာ ခေတ်သစ် မင်းကြီးရန်နောင် ဘွဲ့ကို ယူကြပါဟု တိုက်တွန်းနှိုးဆော်လိုက်ချင်ပါရဲ့။

ရဟန်းပျို ရဲရင့်ဇာနည်

................